# ၁၉၅၆ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။*

## [၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၃။]
## (၁၉၅၆ ခုနှစ်၊ မတ်လ ၁ ရက်)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေ၏ ပုဒ်မ (၄) (၁)တွင် "ဥက္ကဋ္ဌ" ဆိုသည့် စကား ရပ်အစား "ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၁၃ တွင် အောက်ပါကို ပုဒ်မခွဲ (၃) အဖြစ် ထည့်သွင်းရမည်။

"(၃) အထက်ပါပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဖွဲ့သည်၊ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိ၏ကိုယ်စားလှယ်များဖြင့်ဖြစ်စေ၊ ကောက်ပဲသီးနှံများကို လက်ခံခြင်း၊ ရယူခြင်း၊ သို့တည်းမဟုတ် ဝယ်ယူခြင်းပြုနိုင်သည့်ပြင်၊ ကောက်ပဲသီးနှံများဝယ်ယူရန်၊ သို့တည်း မဟုတ် သိုလှောင်ရန်၊ သို့တည်းမဟုတ် ခွဲကြိတ်ပြုပြင်ရန်အတွက်ဖြစ်စေ၊ ဆန်စက်များ တည်ဆောက်ရန်၊ သို့တည်းမဟုတ် ပြုပြင်ရန်အတွက် ဖြစ်စေ၊ ချေးငွေများကို၊ သို့တည်းမဟုတ် ကြိုတင်ထုတ်ပေးငွေများကို ထုတ်ပေးနိုင်သည်။ ထို့ပြင် ကောက်ပဲသီးနှံများကို၊ နိုင်ငံတော်သမ္မတသို့ဖြစ်စေ၊ နိုင်ငံတော် သမ္မတ၏ အမိန့်အရဖွဲ့စည်းထားသော အာဏာပိုင် တစ်ဦးဦးသို့ဖြစ်စေ၊ အဆိုပါ ကောက်ပဲသီးနှံများကို လက်ရှိထားရန်၊ သို့တည်းမဟုတ် ရောင်းဝယ်ဖောက်ကားရန်၊ အဖွဲ့က၊ သို့တည်းမဟုတ် တည်ဆဲ တရားဥပဒေတစ်ရပ်ရပ်က နည်းလမ်းတကျ အာဏာအပ်နှင်းထားသူ တစ်ဦးဦး သို့ဖြစ်စေ၊ ထုခွဲရောင်းချနိုင်သည်။

* မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၆ ခုနှစ်၊ မတ်လ (၁၀) ရက်၊ စာမျက်နှာ - ၄၀၅။

အဆိုပါချေးငွေ၊ သို့တည်းမဟုတ် ကြိုတင်ထုတ်ပေးငွေ အသီးသီးကိုလည်းကောင်း၊ ထိုငွေများပေါ်တွင် ပေးရမည့်အတိုး (ရှိလျှင်) အားလုံးကိုလည်းကောင်း၊ အဆိုပါငွေများ ထုတ်ပေးရာတွင်ဖြစ်စေ၊ အရတောင်းခံရာတွင်ဖြစ်စေ၊ ကုန်ကျသည့်စရိတ်များ (ရှိလျှင်) ကိုလည်းကောင်း၊ ပြန်ဆပ်ရန်အချိန်စေ့ရောက်သောအခါ၊ ချေးငွေကို၊ သို့တည်းမဟုတ် ကြိုတင်ထုတ်ပေးငွေကို ငွေယူထားသူထံမှဖြစ်စေ၊ အဆိုပါငွေများ ပြန်ဆပ်ရန် အာမခံသူတစ်ဦးဦးထံမှဖြစ်စေ၊ အခွန်တော်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရတောင်းခံရမည်။"

၄။ ။ အဆိုပါ အက်ဥပဒေ၏ပုဒ်မ ၃၂ နောက်တွင် အောက်ပါကို ပုဒ်မ ၃၃ အဖြစ် ဖြည့်သွင်းရမည်။

"၃၃။ ။ (၁) ၁၉၄၇ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အမိန့် (The State Agricultural Marketing Board Order, 1947) ကို ဤအက်ဥပဒေဖြင့် ချုပ်သိမ်းလိုက်သည်။

(၂) ၁၉၄၇ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အမိန့်ကို ရုပ်သိမ်းစေကာမူ၊ ထိုအမိန့်အရ ဖွဲ့စည်းထားသော နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည်၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၏ ပဌမအကြိမ် အစည်းအဝေးတိုင်အောင်၊ မိမိ၏အာဏာများနှင့် အလုပ်ဝတ္တရားများကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည်"

❖ ❖ ❖ ❖ ❖